www.burmeseclassic.com



တစ်ခုသောအချုပ်ခန်းအတွင်းမှ အကျဉ်းသားတစ်ယောက်၏အမည် ဖြစ်လေသည်။

သူသည် စိုစွတ်၍ ဖွာလန်ကြဲနေသော ဖျာပေါ်တွင် လဲလျောင်းနေ၏။

သို့သော် ကျကျနန လဲလျောင်းနေခြင်းမျိုး မဟုတ်ချေ။

အမှန်တော့ သူသည် ကျကျနန လဲလျောင်းချင်သည်သာ ဖြစ်သည်။

သို့ရာတွင် သူ့အနေဖြင့် ကျကျနနလဲလျောင်းခွင့်မရှိပါ။

အကြောင်းကား အချိန်တစ်ဆယ်ခန့်လေးသော ပျဉ်ပြားတစ်ချပ်ဖြင့် သူ၏ဦးခေါင်းနှင့် လက်နှစ်ဖက်ကို ထိတ်တုံးခတ်ထားသောကြောင့် ဖြစ်သည်။

သူသည် ရုပ်ရည်ချောမောသန့်ပြန့်သည့် လူရွယ်တစ်ယောက်ဖြစ်၏။

ထို့ပြင် အကောင်းဆုံးအစားအစာကို ကြိုက်နှစ်သက်သူလည်း ဖြစ်သည်။

ထိုမျှမက အကောင်းဆုံးအဝတ်အစားကိုမှ ဝတ်ဆင်တတ်သူလည်းဖြစ်၏။



သို့ရာတွင် ယခုသူသည် စိုစွတ်၍ စုတ်ပြတ်နေသော ဖျာပေါ်တွင်လဲလျောင်းနေရလေသည်။

သူ၏နံဘေး၌လည်း ပိုးဟပ်များ၊ အိမ်မြှောင်များ၊ ပုရွက်ဆိတ်များနှင့် ပြည့်နှက်နေလေသည်။

တစ်ခါတစ်ရံ အသိုးအပုပ်များကို လာ၍စားသော ကြွက်ကြီးများက သူ၏ခြေထောက်ကို အစာမှတ်၍ ကိုက်တတ်သေး၏။

စိုစွတ်မှောင်မည်းသော အချုပ်ခန်းထဲ၌ လဲလျောင်းနေရသော်လည်း သူ၏မျက်နှာပေါ်တွင် စိတ်ညစ်ညူးသည့်ဟန်မူရာကို မတွေ့ရချေ။

သူသည် ပြုံးရွှင်စွာဖြင့် စစ်ချီတေးတစ်ပုဒ်ကိုပင် လေချွန်နေသေး၏။

ထိုအချိန်တွင် အလင်းရောင်များသည် သူ၏အချုပ်ခန်းဆီသို့ တဖြည်းဖြည်း ရွေ့လျားလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ကျွင်းဖုန်းသည် ထိုအလင်းရောင်ကို မြင်တွေ့သည်နှင့် တစ်ချက် မဲ့ပြုံးပြုံးကာ လေချွန်သံကို ပိုမြှင့်၍ ချွန်လိုက်လေသည်။

ဤအလင်းရောင်သည် ကင်းလှည့်အဘိုးအို၏ မီးအိမ်အလင်းရောင်ဖြစ်ကြောင်း သိရှိထားသည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကျောင်းဖုန်း၏ အချုပ်ခန်းရှေ့သို့ ကင်းလှည့်အဘိုးအို ရောက်ရှိလာပြီ ဖြစ်သည်။

အဘိုးအိုသည် တစ်နေ့ရာတစ်ခေါက် ကင်းလှည့်စစ်ဆေးရသူ ဖြစ်၏။

အထူးသဖြင့် အရေးကြီးသော အကျဉ်းသားများကို ပို၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးရသည်။

ထိုထက်ပို၍ သေဒဏ်ချမှတ်ခြင်းခံရသော အကျဉ်းသားများကို ပိုမိုကြပ်ကြပ်မတ်မတ် စစ်ဆေးရ၏။

ဤကဲ့သို့သော အကျဉ်းသားများထဲ၌ ကျောင်းဖုန်းသည်လည်း အပါအဝင်ဖြစ်လေသည်။

ထို့ကြောင့် ကင်းလှည့်အဘိုးအိုသည် ကျောင်းဖုန်း၏အခန်းရှေ့သို့ရောက်ရှိသောအခါ လက်ထဲမှမီးအိမ်ကို အပေါ်သို့ အနည်းငယ်မြှင့်ပြီး ကျောင်းဖုန်းအားကြည့်လိုက်၏။

ကျောင်းဖုန်းက လေးချွန်သံကို ရပ်တန့်ကာ ကင်းလှည့်အဘိုးအိုအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဟား ဟား ဟား ... အဘိုးအိုကြီး ကျုပ်ကို သေသေချာချာ စစ်ဆေးထားနော်"



အဘိုးအိုက သူ့အားစကားတစ်ခွန်းမျှ ပြန်မပြောဘဲ စူးစိုက်၍ကြည့်လိုက်၏။

ကျောင်းဖုန်း ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... အခု နှစ်နာရီရှိပြီ၊ သုံးနာရီဆိုရင် ကျုပ် အခန်းထဲမှာ မရှိတော့ဘူး"

အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း ...

"အင်း ... ဒီသူငယ်တော့ သေဒဏ်ချခံရလို့ ရူးသွားပြီထင်ပါရဲ့"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ကျောင်းဖုန်းက သူ့အားကြည့်ကာ အားပါးတရ ရယ်မောလိုက်၏။

"ဟား ဟား ဟား ... အဘိုးကြီးက ကျုပ်ပြောတာမယုံလို့လား"

အဘိုးအိုက တုံ့ပြန်ပြောဆိုခြင်း မပြုပါ။

အကြောင်းကား ... ကျောင်းဖုန်းသည် မနေ့ညက ဤအတိုင်း ပြောခဲ့သည် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့၊ မနက်ဖြန်ဆိုရင် မင်းက သေရတော့မှာ၊ လူ့ဘဝမှာ နေရမယ့် အချိန်လေးအတွင်းမှာ အိပ်ရေးဝအောင်အိပ်ထားလိုက်"

ကျင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

"အဘိုးကြီး ... ကျုပ်ရှုံးရင် ကျုပ်အသက်ကို ပေးခဲ့မယ်၊ ကျုပ်နိုင်ရင် ခင်ဗျားရဲ့အသက်ကိုယူမယ် ... ဘယ့်နှယ်လဲ"

အဘိုးကြီးဒေါပွသွား၏။

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

ကျင်းဖုန်းက ရယ်မောလိုက်ပြန်သည်။

"ဒီမှာ အဘိုးကြီး ... အခု နှစ်နာရီထိုးပြီ၊ နောက်ထပ်တစ်နာရီတောင် မလိုတော့ဘူး။ ဘာဖြစ်လို့ မလောင်းရဲတာလဲ"

အဘိုးအိုက စိတ်ပျက်စွာဖြင့် ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း ကျင်းဖုန်း၏ အချုပ်ခန်းရှေ့မှ ချာခနဲလှည့်၍ထွက်ခွာ သွားလေသည်။

ကျင်းဖုန်း၏ရယ်မောသံသည် အဘိုးအို၏နောက်၌ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေတော့၏။

✷



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်သည်။

'ဒေါင် ဒေါင် ဒေါင်'

အုန်းမောင်းခေါက်သံ သုံးချက်တိတိ အဝေးမှပျံ့လွင့်ထွက်ပေါ်လာလေသည်။

မြွေတွန်သံ၊ ပိုးကောင်များ၏အသံ ၊ သံခြေကျင်းသံများကြားမှ အုန်းမောင်းခေါက်သံကို ကင်းလှည့်အဘိုးအိုက ကြားလိုက်ရလေသည်။

ထို့ကြောင့် အဘိုးအိုသည် ခန္ဓာကိုယ်ပေါ်မှ ဝွမ်းကပ်စောင်အား ဖယ်ခွာလိုက်သည်။

ယင်းနောက် ခုတင်ပေါ်မှဆင်းပြီး မီးအိမ်ကိုမီးစာမြှင့်လိုက်၏။

ပြီးနောက် အကျဉ်းသားများကို စစ်ဆေးရန် အကျဉ်းခန်းဆီသို့ ထွက်လာခဲ့ပြန်လေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မီးအိမ်ကိုကိုင်၍ အချုပ်ခန်းများအား လိုက်လံစစ်ဆေးနေ၏။

ယင်းနောက် ကျွင်းဖုန်းအားချုပ်ထားသော အခန်းဘက်ဆီသို့ ခြေဦးလှည့်လိုက်သည်။

သူက ကျွင်းဖုန်းအား ချုပ်ထားသော အချုပ်ခန်းဆီသို့ လျှောက်လာရင်း တစ်ကိုယ်တည်း ပြုံးလိုက်မိလေသည်။

ယခု သုံးနာရီထိုးပြီဖြစ်၏။

ကျွင်းဖုန်း အချုပ်ခန်းထဲ၌ ရှိနေပါမည်လော။

ယခု နှစ်နာရီနှင့် သုံးနာရီကြားတွင် မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မကြားခဲ့ရပါ။

ထို့ကြောင့် ကျွင်းဖုန်းသည် ယခင်နေ့များကကဲ့သို့ပင် နှစ်ခြိုက်စွာ အိပ်မောကျနေလိမ့်မည်ဟု ယုံကြည်မိလေသည်။

ယင်းသို့စဉ်းစားမိသောအခါ ကျွင်းဖုန်းနှင့် အလောင်းအစား မလုပ်ခဲ့မိခြင်းအတွက် နောင်တရနေမိ၏။

သူသည် စဉ်းစားရင်းလျှောက်လာခဲ့ရာ ကျွင်းဖုန်း၏ အချုပ်



ခန်းရှေ့သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

သူသည် မဲ့ပြုံးပြုံးပြီး လက်ထဲမှ မီးအိမ်ကိုမြှောက်လျက် အချုပ်ခန်းထဲသို့ ကြည့်လိုက်လေသည်။

သူ၏မျက်လုံးများ ရုတ်တရက် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

✷

အဘိုးအို၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။

အကြောင်းကား ...

အချုပ်ခန်းတွင်း၌ ကျွင်းဖုန်း ရှိမနေတော့ခြင်းကြောင့်ဖြစ်သည်။

သို့သော် ကျွင်းဖုန်း၏ကိုယ်စား အကျဉ်းထောင်ကြပ်တစ်ဦး ရှိနေသည်။

အကျဉ်းထောင်ကြပ်၏ ဦးခေါင်းနှင့်လက်များကို ထိတ်တုံး ခတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အကျဉ်းထောင်ကြပ်၏မျက်နှာပေါ်တွင် လတ်ဆတ်သော ဓားဒဏ်ရာများကို တွေ့မြင်ရလေသည်။

ယင်းကြောင့် အဘိုးအို ထိတ်လန့်တုန်လှုပ်သွားပြီး အချက်ပေးခေါင်းလောင်းရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

✷

ခေါင်းလောင်း ...။

အချက်ပေးခေါင်းလောင်းအား အနီရောင်ပိုးကြိုးဖြင့် ချိတ်ဆွဲထား၏။

အနီရောင်ပိုးကြိုးကို ကိုင်လှုပ်လိုက်သည်နှင့် ခေါင်းလောင်းသံများ ကျယ်လောင်စွာ ထွက်ပေါ်လာမည် ဖြစ်သည်။

အဘိုးအိုသည် အချက်ပေးခေါင်းလောင်းဆီသို့ အပြေးအလွှား ရောက်ရှိလာ၏။

သူသည် အနီရောင်ပိုးကြိုးအား လှမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။



ယင်းတခဏအချိန်လေးမှာပင် ...

"အလုပ်ပိုရှုပ်အောင် မလုပ်နဲ့"

ယင်းအသံနှင့်အတူ လူရိပ်တစ်ရိပ် အဘိုးအိုထံသို့ ရိပ်ခနဲ ရောက်ရှိလာလေသည်။

တစ်ဆက်တည်းမှာပင် အေးတိအေးစက်လေသံဖြင့် ...

"ဒီခေါင်းလောင်းသံ မြည်ရင်လည်း ဘယ်သူကမှ လာပြီး ကူညီနိုင်မှာ မဟုတ်ပါဘူး"

စကားသံဆုံးသည်နှင့် အဘိုးအိုအား တိုက်ခိုက်လိုက်သည်။

အဘိုးအိုက ကမန်းကတန်း နောက်သို့ခုန်ဆုတ် ရှောင်တိမ်းလိုက်၏။

သို့သော် ထိုလူရိပ်၏တိုက်ခိုက်မှုကို လွတ်အောင်မရှောင်နိုင်ခဲ့ချေ။

ထို့ကြောင့် လူရိပ်၏ ခြေထောက်ကန်ချက်သည် အဘိုးအို၏ ရင်ဝသို့ ပြင်းထန်စွာ ရောက်ရှိသွားလေသည်။

'ဝုန်း'

ဟူသော အသံနှင့်အတူ အဘိုးအိုမှာ နံရံတစ်ဖက်သို့ လွင့်စဉ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးသည်တော် အသင့်ပြင် ... ပစ်"

ရှောင်ရှမ်းက တုံ့ဆိုင်းခြင်းမပြုဘဲ ကျင်းဖုန်း၏လက်ကို ဆွဲကာ ထောင်နံရံ၏ တစ်ဖက်သို့ ခုန်ချလိုက်လေသည်။

ထိုတခဏအချိန်လေးမှာပင် မြားတံများသည် သူတို့၏ဦးခေါင်းပေါ်မှ တဝှီးဝှီးမြည်ကာ ဖြတ်သန်းသွားလေတော့၏။

✷

ဤနေရာသည် ထောင်အပြင်ဘက်ကစ်နေရာဖြစ်သည်။

မှုန်ဝါးသောအလင်းရောင်ကြောင့် ထောင်နံရံဘေးတွင် ရပ်ထားသော ကောက်ရိုးတင်ထားသည့် လှည်းတစ်စီးကို တွေ့မြင်နိုင်မည် မဟုတ်ပါ။

အမှန်တွင် ဤလှည်းသည် ရှောင်ရှမ်း ယူဆောင်လာသော မြင်းလှည်းဖြစ်သည်။

သူသည် ထိုနေရာမှ ထောင်နံရံကိုကျော်ဝင်ကာ ကျင်းဖုန်းအား ကယ်တင်ခဲ့ခြင်းဖြစ်သည်။



ယခု သူက ကျင်းဖုန်း၏လက်ကိုဆွဲကာ ကောက်ရိုးလှည်းပေါ်သို့ ခုန်ချလိုက်၏။

'ဖုတ် ဖုတ်'

ဟူသော အသံနှင့်အတူ သူတို့နှစ်ယောက် လှည်းပေါ်သို့ ရှေ့ဆင့်နောက်ဆင့် ကျရောက်သွား၏။

အရှိန်ပြင်းသဖြင့် ဟန်ချက်မထိန်းနိုင်ဘဲ လှည်းပေါ်မှတစ်ဆင့် မြေပြင်သို့ ပြုတ်ကျသွား၏။

သူတို့သည် မြေပြင်ပေါ်မှ လူးလိမ့်၍ထလိုက်သည်။

ယင်းနောက် ရှောင်ရှမ်းသည် မလှမ်းမကမ်းရှိ လမ်းဘေးတစ်နေရာသို့ ညွှန်ပြကာ ...

"ကျင်းဖုန်း ... ဟိုမှာ မြင်းတွေ၊ ငါ အဆင်သင့်လုပ်ထားတယ်"

ဟု တိုးတိုးပြောလိုက်သည်။

ကျင်းဖုန်းက ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"ရှောင်ရှမ်း ... မင်းသိပ်တော်တယ်၊ အလုပ်လုပ်တဲ့နေရာမှာ အင်မတန်စေ့စပ်သေချာတယ်"

ကျင်းဖုန်းသည် ချီးကျူးစကားပြောဆိုရင်း မြင်းရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွား၏။ သူသည် မြင်းများဖက်ကွယ်ထားသည့်နေရာသို့ ရောက်ရှိသွားသည့်အခါ မျက်လုံးများ ဝင်းလက်တောက်ပသွားလေသည်။

အကြောင်းကား ...

မြင်းနှင့်အတူ အသွားနှစ်ဖက်ရှိသော ဓားနှစ်လက်ရှိနေသည်ကို တွေ့မြင်လိုက်သောကြောင့်ဖြစ်သည်။

ယင်းအချိန်မှာပင် အဝေးမှ မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

✷

ရှောင်ရှမ်းသည် မြင်းပေါ်သို့ ကမန်းကတန်း ခုန်တက်လိုက်သည်။ နှုတ်မှလည်း ...

"ကျင်းဖုန်း ... ငါတို့ အရှေ့ဘက်ကိုသွားကြမယ်"

ဟု လှမ်းပြောလိုက်သည်။ ထို့နောက် သူသည် မြင်းဇက်ကြိုးကိုဆွဲကာ အရှေ့ဘက်သို့ ဦးတည်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေသည်။



ကျင်းဖုန်းက ရှောင်ရှမ်းအား တစ်ချက်ကြည့်လိုက်၏။

ယင်းနောက် မြင်းပေါ်သို့ခုန်တက်ပြီး အကျဉ်းထောင်ဘက်သို့ တစ်ချက် ပြန်ကြည့်လိုက်သည်။

အကျဉ်းထောင်ထဲမှ အစောင့်ရဲမက်များသည် မြင်းကိုယ်စီဖြင့် ပြေးလာကြ၏။ တချို့က ခြေကျင်ပြေးလွှားလာနေကြ၏။

ကျင်းဖုန်း မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ယင်းနောက် မိမိထံသို့ ပြေးလွှားလာနေသောရဲမက်များထံ ဦးတည်ကာ တစ်ဟုန်ထိုး ဒုန်းစိုင်းသွားလေသည်။

တစ်ချိန်တည်းမှာပင် မြင်းကုန်နှီး၌ ချိတ်ထားသော ဓားကို ဆွဲထုတ်လိုက်၏။

ရှောင်ရှမ်းသည် သူ၏အပြုအမူကြောင့် မျက်လုံးပြူးသွားသည်။

"ကျင်းဖုန်း ... ဒီဘက်ကိုလာလေ"

စိုးရိမ်တကြီးဖြင့် အော်ဟစ်ဟန့်တားလိုက်၏။

သို့သော် ကျင်းဖုန်းသည် သူ၏စကားကို ဂရုမစိုက်တော့ပါ။

သွေးဆာနေသော လူတစ်ယောက်၏လက်ထဲသို့ ဓားရောက်လာသောအခါ ထိုလူသည် စိတ်ရိုင်းများ အံ့ကြွဝင်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည် မဟုတ်ပါလား။

ယခု ကျင်းဖုန်း၏ လက်ထဲတွင် ဓားနှစ်လက် ရှိနေပြီဖြစ်သည်။

ထို့ကြောင့် သူက ဓားနှစ်လက်ကိုဝှေ့ယမ်းကာ အစောင့်ရဲမက်များထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

ရှောင်ရှမ်းက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းရင်း မြင်းကို ရပ်တန့်လိုက်သည်။

ထို့နောက် မြင်းဇက်ကြိုးကိုဆွဲလှည့်ကာ ကျင်းဖုန်းနောက်သို့ ပြေးလိုက်သွားသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင် ...

"ယား"

'ခြွမ်း ခြွမ်း ခြွမ်း'

အော်ဟစ်သံနှင့် ဓား ဓားချင်းထိသံများ ဆူညံစွာထွက်ပေါ်လာလေတော့၏။

ရှေ့ဆုံးမှ ပြေးဝင်လာသော ရဲမက်သုံးဦးသည် ကျင်းဖုန်း၏ ဓားအောက်၌ အသက်ဆုံးရှုံးသွားရလေသည်။

သို့သော် ရဲမက်များသည် တွန့်ဆိုင်းမသွားဘဲ ကျင်းဖုန်းအား ဝိုင်း၍တိုက်ခိုက်ကြလေသည်။



ကျင်းဖုန်း လုံးဝမမှုပါ။

သူ့အနေဖြင့် ထိုလူစုအား တစ်ခဏအတွင်း ကောင်းစွာ အနိုင်ရရှိမည်ဟု ယူဆထားသည် မဟုတ်ပါလော။

သို့သော် သူထင်သလိုဖြစ်မလာပါ။

အချိန်ကြာလာသည်နှင့်အမျှ သူ၏မြင်း တိုက်ခိုက်ခံရမည်ကို စိုးရိမ်ရမည့်အနေအထားသို့ ရောက်လာသည်။

ရဲမက်များ၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် မြင်းသည် ထိတ်လန့်စွာဖြင့် ဝရုန်းသုန်းကား ပြေးလေသည်။

ထို့ကြောင့် ကျင်းဖုန်း၏တိုက်ကွက်များသည် ဓားချက်တိုင်း ထိရောက်မှုမရှိ ဖြစ်လာလေသည်။

ဓားချက်တိုင်းသည်လေထဲမှာပင် အဟောသိကံဖြစ်ကုန်၏။

ထိုအချိန်တွင် သူ၏မြင်းသည် ရဲမက်တစ်ဦး၏လှံချက်ကြောင့် ဝုန်းခနဲ လဲကျသွားလေသည်။

မြင်းနှင့်အတူ လူကလည်း ရောထွေးကျသွား၏။

ယင်းတဒင်္ဂအချိန်လေးအတွင်းမှာပင် ရဲမက်သုံးယောက်၏ ဓားသုံးလက်က သူ၏ခန္ဓာကိုယ်ပေါ်သို့ ပြိုင်တူကျရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရောက်တိုက်ခိုက်လိုက်သည်။

ကျင်းဖုန်းက သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး မြင်းပေါ်မှ ဆွဲချလိုက်၏။

ယင်းနောက် သခင်ကင်းလွတ်သွားသော မြင်းပေါ်သို့ လွှားခနဲတက်ကာ ရှောင်ရှမ်းနောက်သို့ တစ်ဟုန်ထိုး မောင်းနှင်လိုက်ပါသွားလေတော့၏။

✷ ✷ ✷



## အခန်း (၂)

မိုးမလင်းသေးပါ။

ဝန်းကျင်တစ်ခုလုံး မှုန်ရီပိုးတဝါး အလင်းရောင်သာရှိသည်။

ရှောင်ရှမ်းသည် မြင်းကိုဒုန်းစိုင်းကာ ရှေ့မှဦးဆောင် မောင်းနှင်နေ၏။

ကျင်းဖုန်းက သူ့နောက်မှ ဒုန်းစိုင်းနှင်ကာ လိုက်ပါလာလေသည်။

သူတို့နှစ်ယောက်သည် မြင်းကို ဟိုကွေ့ သည်ကောက် မောင်းနှင်ရင်း နောက်မှလိုက်လာသောရဲမက်များအား မျက်ခြည်ဖြတ်ပစ်ခဲ့လေသည်။

အကယ်၍ ရှောင်ရှမ်းကသာ ရှေ့မှလမ်းမပြလျှင် ကျင်းဖုန်းအနေဖြင့် ရဲမက်များအား မျက်ခြည်ဖြတ်နိုင်မည် မဟုတ်ပါ။

အမှန်တွင် ရှောင်ရှမ်းက အကျဉ်းထောင်ရဲမက်များ လိုက်

www.burmeseclassic.com

www.burmeseclassic.com



လာပါက မျက်ခြည်ဖြတ်နိုင်ရန် ဤလမ်းကို ကြိုတင်ရွေးချယ်ထားခြင်းကြောင့်သာ ယခုကဲ့သို့ မျက်ခြည်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဤအချက်ကို သိရှိနေသော ကျင်းဖုန်းက ရှောင်ရှမ်းအား ကြည့်ကာ ပြုံးလိုက်၏၊ ကျေနပ်သော အပြုံးဖြစ်သည်။

ထိုအချိန်တွင် ရှောင်ရှမ်းက ရှေ့မှကာဆီးနေသော ခြောက်ပေခန့်ကျယ်သည့်ရေမြောင်းကို မြင်းနှင့်အတူ ခုန်ကျော်သွားလေသည်။

ကျင်းဖုန်းကလည်း မြင်းကိုခုန်ကျော်စေလိုက်၏။

သို့သော် ...

'ဖုန်း'

ဟူသောအသံနှင့်အတူ ကျင်းဖုန်းသည် လူရောမြင်းပါ ရေမြောင်းထဲသို့ ထိုးကျသွား၏။

ရေမြောင်းက သိပ်မနက်ပါ။ ကျင်းဖုန်း၏ ဒူးဆစ်မျှသာရှိသည်။ သို့သော် ရေမြောင်းထဲရှိရေများမှာ ပုပ်သိုးနံစော်နေ၏။

ယင်းကြောင့် ကျင်းဖုန်းမှာ မျက်နှာကြီးရှုံ့မဲ့သွား၏။

ခန္ဓာကိုယ်အား တစ်ချက်ငုံ့ကြည့်ကာ တီးတိုးကျိန်ဆဲလိုက်လေသည်။



ယင်းအချိန်တွင် ရှောင်ရှမ်းသည် ကျင်းဖုန်းအနီးသို့ ရောက်ရှိလာပြီး ကျင်းဖုန်း၏လက်ကိုဆွဲကာ ရေမြောင်းပေါ်သို့ ဆွဲတင်လိုက်၏။ နှုတ်မှလည်း ...

"ငါက ဒီမှာ ရေမြောင်းရှိမှန်း မင်းကိုကြိုပြီး သတိမပေးမိဘူးကွာ"

ဟု တောင်းပန်လိုက်၏။

ကျင်းဖုန်းက ပြုံးလိုက်ပြီး ...

"ငါကလည်း အသုံးမကျတဲ့မြင်းကိုမှ စီးလာမိတာကိုး"

ရှောင်ရှမ်းက ရယ်မောလိုက်၏။

"ကျင်းဖုန်း ... နောက်ထပ် ငါတို့ ငါးမိုင်လောက်ခရီးပေါက်မှ စိတ်ချရလိမ့်မယ်ကွ"

ကျင်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ငါ့အနားမှာ မင်းရှိနေမှတော့ ဘာမှစိုးရိမ်စရာမရှိတော့ပါဘူးကွာ"

ရှောင်ရှမ်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ငါက မင်းနဲ့အမြဲတမ်း အတူမနေနိုင်ပါဘူးကွာ"

ကျင်းဖုန်းက ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် လောလောဆယ် မင်းငါနဲ့အတူ ရှိနေတယ်လေ"

ရှောင်ရှမ်း ပါးစပ်ပိတ်ထားလိုက်၏။

ကျင်းဖုန်းက အားပါးတရရယ်မောရင်း မြင်းပေါ်တက်လိုက်၏။ ပြီးနောက် ရှေ့ဘက်သို့ ကာစ်ချက်မျှော်ကြည့်ကာ ...

"ရှောင်ရှမ်း ... ဒီကနေ တစ်မိုင်လောက်ထပ်သွားရင် ငါ့သူငယ်ချင်းရဲ့ စတုဗ္ဗဓနီးဆီကို ရောက်မယ်"

ရှောင်ရှမ်းကသူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက မင်းသူငယ်ချင်းရဲ့ စတုဗ္ဗဓနီးဆီကို ဝင်တွေ့မယ့်သဘောလား"

ကျင်းဖုန်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မိုးမလင်းခင် နောက်ထပ် ငါးမိုင်လောက်ခရီးရောက်နိုင်မှ စိတ်ချရလိမ့်မယ်"

ကျင်းဖုန်းက ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ခက်တာပဲ၊ ငါက မြောင်းပုပ်နံ့ကို



မခံနိုင်ဘူးကွ"

ရှောင်ရှမ်းက သူ့အား စေ့ စေ့ကြည့်လိုက်သည်။

"မင်းက မြောင်းပုပ်နံ့ကို မခံနိုင်တာပေါ့၊ မင်းသူငယ်ချင်းရဲ့ စတုဗ္ဗဓနီးကို သွားတွေ့ချင်တာလား"

ကျင်းဖုန်းက ရယ်မောလိုက်သည်။

"ကမ္ဘာပေါ်မှာ ငါ့ရဲ့သဘောထားကို နားလည်ဆုံးလူက မင်းပဲ"

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

"အဲ ... ခုလိုအချိန်မျိုးမှာတောင် မင်းက ဒီကိစ္စကို စိတ်ဝင်စားသေးလား၊ သူများမိန်းမအိမ်ကို သွားမယ်ဆိုရင် ငါတော့ မလိုက်ဘူး"

ကျင်းဖုန်းက ပြုံးလိုက်သည်။

"ဟာ ... ဘယ်ဖြစ်မလဲ ... လိုက်ခဲ့ပါ"

ရှောင်ရှမ်း ခေါင်းခါယမ်းလိုက်၏။

"မင်းဘာသာမင်း သွားပါ"

ကျင်းဖုန်း ခေါင်းကုတ်လိုက်သည်။

"ဒါဆို ဒီလိုလုပ်ရင် မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်ပုံစံကိုကြည့်လိုက်သည်နှင့် ရာထူးရာခံရှိသော မင်းမှုထမ်း၏အိမ်ဖြစ်ကြောင်း သိရှိလိုက်လေသည်။

သူသည် ကျင်းဖုန်းအား တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ယင်းအချိန်မှာပင် ကျင်းဖုန်းက မြင်းပေါ်မှဆင်းကာ ...

"ငါ အထဲဝင်လိုက်ဦးမယ်"

ဟုပြောပြီး ခြံဝင်းဆီသို့ ပြေးလွှားသွားလေသည်။

ရှောင်ရှမ်းက ကမန်းကတန်း လှမ်းပြောလိုက်၏။

"ငါ ငါးနာရီထိပဲ စောင့်မယ်၊ ငါးနာရီထိုးလို့မှ မလာရင် ငါ ဘာသာ သွားတော့မယ်"

သူသည် ပြောရင်း ကျင်းဖုန်း၏ မြင်းဇက်ကြိုးကို လှမ်းဆွဲထားလိုက်လေသည်။

ကျင်းဖုန်းက သူ့အား ပခုံးတစ်ချက်တွန့်ပြကာ ခြံဝင်းထဲသို့ ပြေးဝင်သွားလေတော့၏။

✳



ကျင်းဖုန်းသည် အဆောက်အအုံဆီသို့ မှောင်ရိပ်ခိုကာပြေးကပ်လာ၏။

ပြတင်းပေါက်တစ်ခုအနီးသို့ ရောက်သည့်အခါ ရပ်တန့်လိုက်သည်။

ယင်းနောက် ပြတင်းပေါက်ထဲသို့ ဓားဦးထိုးသွင်းကာ ကလန့်လိုက်၏။

မကြာမီ ...

'ချပ်'

ဟူသော အသံနှင့်အတူ ပြတင်းပေါက်တံခါး ပွင့်သွားလေသည်။

ထို့နောက် ပွင့်ဟသွားသော ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ဝင်ရောက်လိုက်၏။

အခန်းထဲရောက်သည်နှင့် ဝန်းကျင်တစ်ခုလုံးအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

ယခု သူရောက်ရှိနေသောအခန်းသည် အောက်ထပ်အခန်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ညှော့ခန်းထဲတွင် သက်ရှိဟူ၍ ကြောင်တစ်ကောင် ကြွက်တစ်ကြီးမျှပင် ရှိမနေပါ။

ညှော့ခန်းတစ်ခုလုံးကို အဖိုးတန်ပရိဘောဂများဖြင့် တန်ဆာဆင်မွမ်းမံထားလေသည်။

ကျင်းဖုန်း မဲ့ပြုံးပြုံးလိုက်သည်။

သူက တစ်ချက်တီးတိုး ကျိန်ဆဲလိုက်ပြီး ကတ္တီပါကော်ဇောခင်းထားသည့်အတိုင်း အပေါ်ထပ်သို့ တက်သွားလေသည်။

သူက အိမ်ခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ခေတ္တရပ်တန့်၍ နားစွင့်လိုက်၏။

ထို့နောက် အခန်းတံခါးကို ဆွဲဖွင့်လိုက်လေသည်။ ပြီးနောက် အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်ခဲ့လေတော့၏။

✷

ရှောင်ရှမ်းသည် မိုးကောင်းကင်ပေါ် တစ်ချက်မော့ကြည့်လိုက်သည်။



ညဥ့်နက်ပိုင်း အချိန်ကုန်ဆုံးတော့မည်။ မကြာမီ အရုဏ်ဦးလင်းရောင်ခြည်များ ပေါ်ထွန်းလာပေတော့မည်။

ရှောင်ရှမ်းသည် ခြံဝင်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

ကျင်းဖုန်းတစ်ယောက် အိမ်ထဲသို့ ဝင်ရောက်သွားခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်သည်။

ရှောင်ရှမ်းသည် ခြံဝင်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မကြာခဏ အိမ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် အေးမြသောလေတစ်ချက် တိုက်ခတ်လာ၏။

ထိုလေနှင့်အတူ ဝေးလံသောအရပ်ဆီမှ အုန်းမောင်းခေါက်သံ လေးချက်တိတိ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ အရုဏ်တက်ပေတော့မည်။

ရှောင်ရှမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။ နှုတ်မှလည်း...

"အင်း ... လေးနာရီတောင်မှ ထိုးပြီ၊ ဟိုကောင်က ခုချိန်ထိ ထွက်မလာသေးပါလား"

ဟု ညည်းညူလိုက်လေ၏။

✷

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေလေသည်။ ဒေးဖျားမှ အေးစက်သောအငွေ့အသက်များသည် ရှောင်ရှမ်း၏ခန္ဓာကိုယ်ထဲ စီးဝင်ပျံ့နှံ့သွား၏။

ရှောင်ရှမ်းက ကျောင်းဖုန်းအား စူးရှစွာစိုက်ကြည့်လိုက်ပြီး ...

"ငါ မင်းနဲ့မပြိုင်ချင်ဘူး"

ဟု ဟန်မူရာကင်းမဲ့စွာဖြင့် ပြောလိုက်လေသည်။

ကျောင်းဖုန်းက သူ့အား အေးစက်စက်မျက်လုံးအစုံဖြင့် ကြည့်ကာ ...

"မင်း မပြိုင်ချင်လည်း ငါကပြိုင်ရမှာပဲ"

ဟု ယတိပြတ်ပြောလိုက်သည်။

ရှောင်ရှမ်းက သူ၏မျက်လုံးအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

ကျောင်းဖုန်း၏ မျက်လုံးအစုံတွင် လူသတ်လိုသောဟန်မူရာများ ပေါ်လွင်နေသည်ကို တွေ့ ရသည်။

ရှောင်ရှမ်းသည် ရင်ညွှန့်ဆီရောက်နေသောဓားကို ငုံ့ကြည့်လိုက်ပြီး ...

"ကျောင်းဖုန်း ... မင်း ဘာဖြစ်နေတာလဲ"

ကျောင်းဖုန်းက အေးစက်တင်းမာသောလေသံဖြင့် ...



"မင်းနဲ့ သိုင်းပညာယှဉ်ပြိုင်မလို့လေ"

ရှောင်ရှမ်း သက်ပြင်းချလိုက်ရာတွင် ...

"ဘယ်တော့ပြိုင်မှာလဲ"

"အခု"

ရှောင်ရှမ်းက ရင်ဝသို့ထောက်ထားသော ဓားကိုကြည့်ကာ

"ကောင်းပြီ ... အခု မင်းရဲ့ဓားက ငါ့ရင်ဝကို ရောက်နေပြီ၊ မင်း လက်လှုပ်လိုက်တာနဲ့ ငါရှုံးပြီ"

စကားဆုံးသည်နှင့် ရှောင်ရှမ်းသည် မျက်လုံးကိုမှိတ်၍ အိပ်လိုက်လေတော့သည်။

မိမိအား ဂရုမစိုက်ဘဲ အိပ်နေသည့်ရှောင်ရှမ်းကိုကြည့်ကာ ကျောင်းဖုန်း အံ့ဩသွားလေသည်။

သူသည် အတန်ကြာအောင် စိုက်ကြည့်ပြီးမှ ...

"ဟား ဟား ဟား"

အားရပါးရ ရယ်မောကာ ဓားကို ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

ရှောင်ရှမ်းက မျက်လုံးကိုမှိတ်ထားသော်လည်း ဓား၏အငွေ့အသက်များ ဝေးလွင့်သွားသည်ကို ခံစားလိုက်ရသဖြင့် ဓားရုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုန်းသည် အဆင့်မြင့်သိုင်းပညာရှင် တစ်ဦးဖြစ်၏။

အကယ်၍ ရှောင်ရှမ်းကသာ လောကပေါ်တွင် မရှိပါလျှင် မိမိသည် နံပါတ်တစ်သိုင်းသမားဖြစ်လာလိမ့်မည်ဟု ယုံကြည်လာလေသည်။

ထို့ကြောင့် သူက ရှောင်ရှမ်းအား လုပ်ကြံလိုသော ဆန္ဒများ ပေါ်ပေါက်လာ၏။

သူသည် အိပ်ပျော်နေသောရှောင်ရှမ်းအား ကြည့်ကာ နှုတ်ခမ်းတွန့်၍ ပြုံးလိုက်သည်။

ယင်းနောက် မိမိ၏ဓားကို လှမ်းယူကာ ဓားအိမ်မှဓားကို အသာအယာ ထုတ်လိုက်လေသည်။

သူသည် ရှောင်ရှမ်းက နှစ်ခြိုက်စွာအိပ်ပျော်နေစဉ် သတ်ပါက လွယ်ကူလိမ့်မည်ဟု တွေးမိလိုက်သည်။

သူက လက်ထဲမှဓားကိုမြှောက်ကာ ရှောင်ရှမ်း၏ဦးခေါင်းအား ပိုင်းချလိုက်လေသည်။

သို့သော် သူ၏ဓားက ရှောင်ရှမ်း၏လည်ပင်းနှင့် တစ်လက်မခန့်အလိုတွင် ရပ်တန့်သွား၏။

သူက ရှောင်ရှမ်းအား မသတ်ရက်ပါ။



ရုတ်တရက် သူ၏ မျက်လုံးအိမ်ထဲတွင် မိမိနှင့်ရှောင်ရှမ်းက ငယ်စဉ်ကတည်းမှစ၍ ပြေးလွှားဆော့ကစားနေသော ရှောင်ရှမ်းကို ပြန်လည်မြင်ယောင်လာလေသည်။

သူ၏ဓားက ရှောင်ရှမ်း၏ လည်ပင်းပေါ်၌ အတန်ကြာဝဲနေ၏။

နောက်ဆုံးတွင် သူက သက်ပြင်းတပ်ချက်ချလိုက်ပြီး မိမိလက်ထဲမှဓားကို အဝေးသို့ လွှင့်ပစ်လိုက်လေသည်။

ယင်းနောက် ရှောင်ရှမ်း၏ နံဘေးတွင်လှဲကာ အိပ်ချလိုက်သည်။

ထိုအချိန် ရှောင်ရှမ်း၏နှုတ်ခမ်းပေါ်၌ အပြုံးတစ်ချက် ပေါ်လွင်လာလေသည်။

သို့သော် ထိုအပြုံးကို ကျင်းဖုန်းက မမြင်တွေ့လိုက်မိပါချေ။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဆိုင်ရှင်အဘွားအိုသည် ပူနွေးသောအစားအစာများကို သယ်ဆောင်လာ၏။

ထိုစားသောက်စရာများသည် ကျင်းဖုန်းတို့ မှာကြားထားသော စားစရာများ ဖြစ်လေသည်။

ထို့ကြောင့် အဘွားအိုက ယင်းစားသောက်စရာများကို ကျင်းဖုန်းနှင့် ရှောင်ရှမ်းတို့၏စားပွဲဆီသို့ ယူဆောင်လာလေသည်။

ယင်းအချိန် ကျစ်ဆံမြီးကျစ်ထားသောလူက ကျင်းဖုန်း၏ မျက်နှာပေါ် မျက်လုံးအကြည့်ကို ဖယ်ရှားခြင်းမပြုဘဲ အဘွားအိုအား လှမ်းဆွဲလိုက်လေ၏။

"ဒါကို ဘယ်ယူသွားမလို့လဲ၊ ဒီမှာချလိုက်ပါ ... ကျုပ်တို့က ဆာနေပြီ"

အဘွားအိုက သူ့အား လှမ်းကြည့်လိုက်သည်။



"လူကလေးမှာတာ ရပါတော့မယ်၊ ဒါက ဟောဟိုကစားပွဲက သူငယ်တွေ မှာထားတာတွေ"

ဟု ပြောလိုက်သည်။

သို့သော် ကျစ်ဆံမြီးနှင့်လူက အဘွားအို၏လက်ထဲမှ စားစရာများကို လှမ်းယူကာ မိမိတို့၏စားပွဲပေါ်သို့ တင်ထားလိုက်လေသည်။

ကျင်းဖုန်းက ထိုလူ၏ အပြုအမူကြောင့် ဒေါသထွက်လာကာ ထိုင်ရာမှထလိုက်၏။

သို့ရာတွင် ရှောင်ရှမ်းက သူ၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

"ကျင်းဖုန်း ... မင်း ကလေးမဆန်ပါနဲ့၊ ဟိုနောင်ကြီးတွေက တာဝန်နဲ့လာရတော့ အရေးကြီးနေပုံရတယ်၊ သူတို့ အရင်စားပါစေ"

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်၏။

"အို ... ဒါက ငါတို့မှာထားတဲ့စားစရာတွေပဲ၊ ငါတို့ အရင်စားသင့်တာပေါ့"

ဆိုင်ရှင်အဘွားအိုမှာ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ဝုန်း'

ကျယ်လောင်သော အသံနှင့်အတူ စားသောက်ဆိုင်၏ ပြတင်းပေါက် ကျိုးပဲ့လွင့်စဥ်ကျလာသည်။

တစ်ဆက်တည်းမှာပင် ...

'ဝုန်း'

နောက်ထပ်လူတစ်ယောက်က လွင့်စဥ်ကျလာပြန်၏။

အကျဥ်းသားသည် ဒူးထောက်ရာမှ ဓား ဓားချင်းထိသံ၊ အော်ဟစ်သံများကို ကြားလိုက်ရသဖြင့် ကမန်းကတန်းထရပ်လိုက်သည်။ယင်းနောက် အံ့ဩစွာ ငေးမောကြည့်နေ၏။

ထိုအချိန်မှာပင် ...

'ဝုန်း'

ဟူသောအသံနှင့်အတူ နောက်ထပ်လူတစ်ယောက်က သူနှင့်မနီးမဝေးသို့ ကျလာလေသည်။ တစ်ဆက်တည်းမှာပင် ထိုလူ၏ ခါးကြားမှ သော့တွဲက အကျဥ်းသားရှေ့သို့လွင့်စဥ်ကျလာ၏။

'ချလွမ်'

အကျဥ်းသား၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွားလေသည်။



သူက သော့တွဲအားရယူရန် ဒူးထောက်လျက်လှမ်းကောက်လိုက်၏။

ယင်းသို့ သော့တွဲအားကောက်ယူရန် ကြိုးစားလိုက်စဥ် သူက မဟန်နိုင်တော့ဘဲ လဲကျသွားရလေသည်။

သို့သော် ဤအခြေအနေမျိုးမှာပင် သူကသော့တွဲအား ကြိုးစားကာ ကောက်ယူနေ၏။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ထို့နောက် တံခါးအား လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်လေသည်။

'ဝုန်း'

ဟူသောအသံနှင့် တံခါးမှဖုန်ချပ်များကျိုးပဲ့သွား၏။

ရှောင်ရှမ်းက ထိုအပေါက်မှ လက်နိုက်ကာ အတွင်းထဲမှ မင်းတုပ်ကို ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်တည်း အပုပ်နံ့တစ်ခုက လွင့်ပျံ့လာလေသည်။

သူက မျက်မှောင်ကြုတ်ကာ အထဲသို့ ကြည့်လိုက်သည်။

ယင်းအချိန် ရှင်ချိန်ရိက အထဲသို့ ပြေးဝင်သွား၏။ ရုတ်တရက် သူမ၏ခြေလှမ်း ရပ်တန့်သွားလေသည်။

ထို့နောက် ပြူးကျယ်သောမျက်ဝန်းအစုံဖြင့် တွဲလောင်းကျနေသောအရာအား စိုက်ကြည့်နေ၏။

တစ်ခဏအကြာ သူမသည် စူးရှသောအော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ရှောင်ရှမ်းက မျက်မှောင်ကြုတ်ကာ လေထဲမှအရာအား ကြည့်လိုက်၏။



ထိုအခါ ကြိုးဆွဲချကာ သေဆုံးနေသော အမျိုးသမီး တစ်ယောက်၏ အလောင်းကို တွေ့မြင်လိုက်ရလေတော့သည်။

✷

ကျဉ်းမြောင်းသော အိမ်ကလေးဖြစ်သည်။

ထို့ကြောင့် ရွာထဲမှလူများ စုဝေးရောက်လာသောအခါ အိမ်လေးတွင် လူများပြည့်လျှံသွားလေသည်။

အမျိုးသမီး၏အလောင်းက လေထဲ၌ တွဲလောင်းကျမနေတော့ပါ။ ရှောင်ရှမ်းက အလောင်းကို ကြမ်းပြင်ပေါ်သို့ ချထားလိုက်ပြီဖြစ်သည်။

ရှင်ချိန်ရိက ယခုထိ သတိမေ့နေဆဲပင်။

သူမအား ရွာခံလူများက သတိရအောင် ပြုစုနေကြ၏။

အဟန်ကြာသောအခါ ရှင်ချိန်ရိက တစ်ချက်ညည်းညူကာ သတိရလာသည်။

သူမသည် သတိရလာသည်နှင့် လူးလဲထကာ မိခင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ ... တောင်ကြားမြို့မှာ ကျွန်မ မသိတာ ဘာမှမရှိဘူး"

ကျင်းဖုန်းက ပြုံးလိုက်၏။

"ဝိလိန်ကို သိလား"

မိန်းကလေး၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေသည်။ သူမက ကျင်းမှုန်းအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"ရှင့်အတွက် ဒီမှာ မိန်းကလေးတွေအများကြီးပါ"

ကျင်းဖုန်းက နောက်ထပ်ငွေစတစ်စ ထည့်ပေးလိုက်ပြန်လေသည်။

"ဝိလိန်ကို မင်း သိတယ်မဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

ကျင်းဖုန်းက ပြုံးလိုက်သည်။

"သူကလည်း မင်းတို့လိုပဲ မဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်ပြန်၏။

"ဒါပေမဲ့ သူက တောင်ကြားမြို့ရဲ့ သခင်ကြီးအတွက်ပါ"

ကျင်းဖုန်းက နောက်ထပ်ငွေစတစ်စ ထပ်ပေးလိုက်လေသည်။



"သူဘယ်မှာရှိမလဲ"

မိန်းကလေးက သူ့အား အံ့သြစွာကြည့်ရင်း ...

"ရွှေစည်းစိမ်"

ကျင်းဖုန်းက ပြုံးလိုက်သည်။

"မင်းတော်တယ် ... သွားတော့"

မိန်းကလေးက တံခါးဝဆီသို့ လျှောက်သွား၏။

ကျင်းဖုန်းက အခန်းတံခါးကို ပိတ်ရန်ဟန်ပြင်လိုက်စဉ် ...

"နေဦး"

မိန်းကလေးက ဟန့်တားလိုက်သည်။

ကျင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

မိန်းကလေးက ခပ်နွဲ့နွဲ့လေး မေးလိုက်သည်။

"ဝိလိန်ကို မြင်ဖူးလား"

ကျင်းဖုန်းကပြုံး၍ မည်သို့မျှပြန်မပြောဘဲ အခန်းတံခါးပိတ်လိုက်၏။

မိန်းကလေးက ခြေထောက်တစ်ချက်ဆောင့်ကာ ပြန်လည်ထွက်သွားလေတော့သည်။

✷ ✷ ✷



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

အစောင့်က ပြုံးလိုက်သည်။

"စိတ်ချပါ ... သူဌေးလေးသဘောကျရပါလိမ့်မယ်၊ အနည်းဆုံး လောင်းကြေးငါးဆယ်ရှိမှ ဖြစ်မှာပါ"

ကျင်းဖုန်းက ပြုံးလိုက်၏။

"ကောင်းတယ် ... ကျုပ်က ဒါမျိုးမှကြိုက်တာ"

ပြောပြီး အခန်းထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။ အစောင့်က ဟန့်တားလိုက်သည်။

"ခဏ"

ကျင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

အစောင့်က ပြုံးပြလိုက်၏။

"ဒီလိုပါ ... ဒီနေရာမှာ အနည်းဆုံး ငွေတစ်ထောင်ပါမှ ဝင်ရောက်ခွင့်ရှိပါတယ်"

ကျင်းဖုန်းက အေးစက်စက်ဖြင့် ရယ်မောလိုက်၏။

"အဟင်း ဟင်း ... ဒီလိုလား"

သူက ကတ္တီပါအိတ်ထဲမှ ကျောက်စိမ်းတစ်တုံးကို ယူကာ



အစောင့်အား လှမ်းပေးလိုက်၏။

"မင်းတို့ဆီက ရာဖြတ်ကိုမေးလိုက်၊ ဒီကျောက်စိမ်းတစ်တုံးကို ဘယ်လောက်ပေးမလဲလို့၊ ငါ့ဆီမှာ အဲဒီလိုကျောက်စိမ်းတုံး နှစ်ဆယ်လောက်ပါတယ်"

အစောင့်က ကျောက်စိမ်းတုံးကိုလှမ်းယူကာ အခန်းထဲသို့ ဝင်ရောက်သွား၏။ တစ်ခဏအကြာ သူပြန်ထွက်လာလေသည်။

"ငွေနှစ်ထောင်ပေးပါတယ်"

ကျင်းဖုန်းက ပြုံးလိုက်၏။

"ကောင်းပြီ ... ငါ့ကို ငွေနှစ်ထောင်ယူခဲ့ပါ"

အစောင့်ကဦးညွှတ်ကာ ကမန်းကတန်း ပြေးထွက်သွား၏။

သူသည် ယင်းသို့ပြေးဝင်သွားရင်း လယ်သုံးကွက်စာမျှ တန်ဖိုးရှိသော ငွေနှစ်ထောင်အား လောင်းကစားဝိုင်းသို့ လာရောက်ဖြုန်းပစ်နိုင်သော ကျင်းဖုန်းသည် အဘယ်မျှချမ်းသာကြွယ်ဝမည်နည်းဟု တွေးနေမိလေသည်။

သူသည် ငွေနှစ်ထောင်အား ယူဆောင်ကာ ကျင်းဖုန်းရှေ့သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

ကျင်းဖုန်းက ငွေနှစ်ထောင်အား ရေတွက်ခြင်းမပြုဘဲ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေလေသည်။ အလွန်အမင်း အံ့သြမှုကြီး ပါးစပ်အဟောင်းသားဖြစ်နေ၏။

အတန်ကြာမှ မြို့ဝန်မင်းလီသည် ငွေအိတ်ပေါ် မှဓားမြှောင်ကို နှုတ်ယူကာ အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

"ဟား ဟား ဟား"

ရယ်မောရင်းပင် ကျင်းဖုန်းသည် မြို့တော်ဝန်လီ၏ ငွေအိတ်ကိုလှမ်းယူကာ မိမိ၏ငွေပုံပေါ် ထဲသို့ လောင်းချလိုက်သည်။

ထို့နောက် မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ...

"ဟော့ ... ကျုပ်နဲ့ဘယ်သူကစားဦးမလဲ၊ ကဲပဲနော် ... ညတော်မပါဘူး"

အားလုံးကိုစိန်ခေါ် လိုက်သည်။

သို့သော် သူနှင့်ကစားမည့်သူ မရှိတော့ပါ၊ လူများသည် အခန်းထဲမှ အလျို အလျို ထွက်ခွာသွားကြပြီဖြစ်သည်။

လူကုန်သလောက်ရှိသောအခါ အစောင့်နှစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာလေသည်။



သူတို့သည် စကားမပြောတော့ဘဲ ပစ္စည်းများကိုသိမ်းဆည်းနေ၏။

ကျင်းဖုန်းက စားပွဲခုံအား လက်ဖြင့်တစ်ချက်ပုတ်ကာ ...

"ရွှေနန်းတော်တဲ့ ... နာမည်ကြီးကျယ်သလောက် ကစားဝိုင်းက ညံ့ဖျင်းလိုက်တာ၊ မင်းတို့ရွှေနန်းတော်ရဲ့ အရှင်သခင်က ဘယ်သူလဲ"

အစောင့်များက မည်သို့မျှ ပြန်လှည့်မပြောကြားပါ။

ကျင်းဖုန်းက အစောင့်တစ်ယောက်၏အင်္ကျီရင်ဘတ်အား ဆွဲလိုက်ပြီး ...

"ဒီက အရှင်သခင်နဲ့ ငါတွေ့ချင်တယ်"

အစောင့်က သူ့အားကြည့်လိုက်သည်။

"ခင်ဗျားနိုင်ပြီပဲ ... ပြဿနာမရှာပါနဲ့"

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒီဆိုင်ကအရှင်သခင်နဲ့ တွေ့ချင်တယ်"

အစောင့်က ပြုံးလိုက်သည်။

"ခင်ဗျား ဘာမကျေနပ်တာရှိလဲ"

ကျင်းဖုန်းက အေးစက်စက်အသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ဝိလိန်က သူ၏စကားကြောင့် ငေးငိုင်သွားမိလေသည်။

အကြောင်းကား ...

သူမသည် ဝမ်းကျုံးစန်းအတွက်သာဖြစ်ပြီး မည်သူမျှ အနားကပ်ခွင့်မရခဲ့ပါချေ။

သို့သော် ယခု ဝမ်းကျုံးစန်းကိုယ်တိုင်က ကျင်းဖုန်းအား ညွှန်ခိုင်းနေပြီဖြစ်၏။

ဝမ်းကျုံးစန်းက ကျင်းဖုန်းအားကြည့်လိုက်သည်။

"ခင်ဗျားပြန်တော့ ဝိလိန်ကို တစ်ခါတည်းခေါ်သွားပါ၊ မနက်ကျမှ ကျုပ်ဆီကိုပြန်လွှတ်လိုက်"

ကျင်းဖုန်းက ဝါးရွက်စိမ်းအရက်ကို တစ်ကျိုက်မော့သောက်လိုက်သည်။

"ဝိလိန်ကို ကျုပ်ဒီမြို့မှာ နေသလောက်ခေါ်ထားပိုင်ခွင့် မရှိဘူးလား"

ဝမ်းကျုံးစန်းက သူ့အား တစ်ချက်စိုက်ကြည့်လိုက်၏။

သူက ရုတ်တရက် ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... ခင်ဗျားက ကြိုက်တယ်ဆိုရင်လည်း ကျုပ်က အပိုင်ပေးလိုက်ပါ့မယ်"



ကျင်းဖုန်းက သူ့အား တစ်ချက်ကြည့်လိုက်၏။

"ခင်ဗျားက ဘာကယ်ပဲ ညှိဝတ်ကျေပါတယ်"

ဝမ်းကျုံးစန်းက လက်ကာပြလိုက်သည်။

"တစ်ခုတော့ တောင်းပန်ပါရစေ"

ကျင်းဖုန်းက မျက်ခုံးမွေးကိုပင့်ကာ ပြုံးလိုက်ပြီး ...

"ဘာများလဲ"

ဝမ်းကျုံးစန်းက ...

"ကျုပ်ကို နာရီဝက်လောက် အချိန်ပေးပါ၊ ပြီးရင် ကျုပ်က ဝိလိန်ကို ခင်ဗျားဆီ လွှတ်လိုက်ပါ့မယ်"

ကျင်းဖုန်းက သဘောကျစွာ ပြုံးလိုက်၏။

"နာရီဝက်လောက်တော့ ကျုပ်က သဘောထားကြီးရမှာပေါ့၊ ပြီးရင်သာ ကျုပ်ဆီလွှတ်လိုက်ပါ"

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ"

ကျင်းဖုန်းက ဝိလိန်၏ခန္ဓာကိုယ်အား အထက်အောက် တစ်ချက်ကြည့်ကာ ပြုံးပြလိုက်သည်။

"ကျုပ်ရွှေစည်းစိမ်က စောင့်နေမယ်"

BURMESE CLASSIC .com



www.burmeseclassic.com

